## ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅ ။)**

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်**

**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)**

### နိဒါန်း

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။





အရည်များကိုလည်းကောင်း၊ တဆေးကဖော်ဖြင့် ဖောက်ထားခြင်းမရှိသော ထန်းရည်ကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အရက်ဟု သတ်မှတ်ထားသော အရာများကို လည်းကောင်း ဆိုသည်။

(ည) **ဘီယာ**(Beer) ဆိုသည်မှာ (Ale.Stout. Porter) ခေါ် ဗျစ်ရည်၊ မုယောစပါးဖြင့် ကစော်ဖောက်ထားသော တည်ရည်နှင့် မုယောစပါးမှ ကစော်ဖြင့် ပြင်ဆင်ထုတ်လုပ်သည့် အရက်များအပြင် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသည့် အရက်များကို ဆိုသည်။

(ဋ) **ပြည်တွင်းဖိုထွက်ချက်အရက်**(Country Spirit) ဆိုသည်မှာ ပေါင်းဖိုနှင့် ခံယူ၍ရရှိသည့် အရက် ပြန်ပါဝင်သော မည်သည့်အရက်မျိုးမဆို ပါဝင်သည်။

(ဌ) **ထန်းရည်** (Tari) ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည် ဖြစ်စေ၊ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့်အပင်တစ်မျိုးမျိုးမှ ထွက်သောအရည်ကိုဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာ ဝန်ကြီးကိုဆိုသည်။

(ဃ) **ပြည်နယ်ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုဆိုသည်။

(င) **ပြည်နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးကို ဆိုသည်။

(စ) **ခရိုင်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ရှမ်းပြည်နယ် အတွင်းရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးကို ဆိုသည်။

(ဆ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးကို ဆိုသည်။

(ဇ) **ယစ်မျိုးခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်ကောက်ခံရမည့် သတ်မှတ်ထားသော အခွန်အခများကို ဆိုသည်။

(ဈ) **အရက်**(Alcoholic Liquor)ဆိုသည်မှာ အရက်ပြန် ပမာဏ နှစ်ရာခိုင်နှုန်းထက် ပိုမိုပါဝင်သည့်



(ဍ) **တည်အရက်** (Fermented Liquor) ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကို ဆိုသည်။ ယင်းစကားရပ်တွင် လျှော်စာရည်၊ ခေါင်ရည်တို့ ပါဝင်သည်။

(ဎ) **သောက်ပျော်သောအရက်** (Potable Alcoholic Liquor) ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး အရက်ပြန် ပါဝင်သည့် အရက် တစ်မျိုးမျိုးကို ဆိုသည်။

(ဏ) **မူလသတ္တိပျက်ပြီး**(Denatured) ဆိုသည်မှာ လူအများသောက်သုံးရန် မသင့်အောင် ပြုပြင်ပြီးသည်ကို ဆိုသည်။

(တ) **ထုတ်လုပ်ခြင်း** ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) သဘာဝအားဖြင့် ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ထွက်ရှိစေရန်(သို့မဟုတ်)ရရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ ပါဝင်သည်။

(၂) ပြန်လည်ပေါင်းခံခြင်း (Redistillation)

D/real(wide) (2)

(၃) အရက်ပြန်ပါဝင်သည့် အရက်ကို ပြုပြင်ခြင်း၊ အနံ့အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(ထ) **ယစ်မျိုးဝင်ကုန်ပစ္စည်းများ** (Excisable Goods) ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ ပါ ယစ်မျိုးခွန်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ကုန်ပစ္စည်းများ ကို ဆိုသည်။

(ဒ) **ယစ်မျိုးသက်ဝင်ပစ္စည်း** (Excisable Article) ဆိုသည်မှာ ယစ်မျိုးဝင်ကုန်ပစ္စည်းများ (Excisable Goods) အပါအဝင် ဤဥပဒေအရ သတ်မှတ်သော အရက် (Alcoholic Liquor) သို့မဟုတ် မူးယစ်စေတတ်သော ဆေးဝါးများ (Intoxicating Drug) ကို ဆိုသည်။

(ဓ) **လက်လီ သို့မဟုတ် လက်ကားရောင်းချခြင်း** (Retail And Wholesale) ဆိုသည်မှာ ချက်အရက်ဖြစ်လျှင် တစ်ကွပ်၊ တည်အရက်ဖြစ်လျှင် လေးကွပ်၊ နိုင်ငံခြားအရက်ဖြစ်လျှင် ၁၂ကွပ်အထိ ရောင်းချခြင်းကို လက်လီရောင်းချခြင်းဟုလည်းကောင်း၊ ယင်းအရေအတွက်များထက် ပိုမိုရောင်းချခြင်းကို လက်ကားရောင်းချခြင်းဟုလည်းကောင်း ဆိုသည်။





## အခန်း(၃)
## ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း

၄။ ပြည်နယ်အတွင်း ယစ်မျိုးလုပ်ငန်းအမျိုးအစားအလိုက် စည်းကြပ်ကောက်ခံမည့် ယစ်မျိုးခွန် နှုန်းထားများကို အောက်ပါအတိုင်းသတ်မှတ်သည်-

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ ဖော်ပြချက် | ကောက်ခံမည့် နှုန်းထား(ကျပ်) |
|---|---|---|---|
| ၁ | D-1 | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် ထုတ်လုပ်မှု ဂါလန်တစ်နေ့ | |
| | | ၅၀-၅၀၀ | - ၁၂၀၀၀၀၀ |
| | | ၅၀၀-၁၀၀၀ | - ၂၄၀၀၀၀၀ |
| | | ၁၀၀၀အထက် | - ၃၆၀၀၀၀၀ |
| ၂ | D-2 | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | - ၁၀၀၀၀၀ |
| ၃ | W-1 | ဝိုင်အရက်များထုတ်လုပ်ခွင့် လိုင်စင် | - ၁၀၀၀၀ |
| ၄ | FL-4 | ပြင်ပတင်သွင်းလာသော နိုင်ငံခြားအရက်ပြင်း(Foreign Spirit) ကို ပေါင်းခံခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင် | - ၁၀၀၀၀၀ |
| ၅ | FL-5 | နိုင်ငံခြားအရက်ပြင်း (Foreign Spirit)ကို ပုလင်းသွတ်ခွင့်လိုင်စင် | - ၁၀၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ ဖော်ပြချက် | ကောက်ခံမည့် နှုန်းထား(ကျပ်) |
|---|---|---|---|
| ၆ | FL-6 | မြန်မာပြည်တွင်းရှိ အရက်ချက် စက်ရုံမှထုတ်လုပ်သော နိုင်ငံခြား အရက်ပြင်း (Foreign Spirit) ကို လက်ကား ရောင်းချခွင့်လိုင်စင် | - ၁၂၀၀၀၀၀ |
| ၇ | B-1 | ဘီယာစက်ရုံ ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင်၊ ထုတ်လုပ်မှုဂါလန်တစ်နေ့ | |
| | | ၅၀-၅၀၀ | - ၅၀၀၀၀၀ |
| | | ၅၀၀-၁၀၀၀ | - ၈၀၀၀၀၀ |
| | | ၁၀၀၀အထက် | - ၁၅၀၀၀၀၀ |
| ၈ | B-2 | ဘီယာစက်ရုံ ပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့် လိုင်စင် | - ၁၀၀၀၀၀ |
| ၉ | FL-8 | မြန်မာပြည်တွင်းရှိဘီယာစက်ရုံမှ ထုတ်လုပ်သောဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | - ၁၀၀၀၀၀၀ |
| ၁၀ | FL-9 | မြန်မာပြည်တွင်းရှိဘီယာစက်ရုံမှ ထုတ်လုပ်သောဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | - ၅၀၀၀၀၀ |





(န) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရက်သေစာသောက်စားခြင်း အလေ့အထ ပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊

(ခ) အရက်သေစာ ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှုနှင့် ရောင်းချမှုများ မရှိစေရန်၊

(ဂ) အခွန်စည်းကြပ်ကောက်ခံခြင်းဖြင့် အရက်သေစာ သောက်စားမှု လျော့ပါးစေရန်နှင့် ပြည်နယ်၏ ရသင့်ရထိုက်သော အခွန်ငွေကို ရရှိစေရန်၊

(ဃ) သောက်သုံးသူများ၏ ကျန်းမာရေးကို မထိခိုက်စေရန်။

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ ဖော်ပြချက် | ကောက်ခံမည့် နှုန်းထား(ကျပ်) |
|---|---|---|---|
| ၁၁ | FL-11 | နိုင်ငံခြားအရက်များ(Foreign Spirit)ကို လက်ကားရောင်းချခွင့်လိုင်စင် | နေပြည်တော်-၁၀၀၀၀၀၀<br>ရန်ကုန်-မန္တလေး ၁၀၀၀၀၀၀<br>အခြားမြို့များ-၅၀၀၀၀၀ |
| ၁၂ | FL-12 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို ကုန်စုံဆိုင်တွင် လက်လီလက်ကား ရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့် လိုင်စင် | နေပြည်တော်-၅၀၀၀၀၀<br>ရန်ကုန်-မန္တလေး ၅၀၀၀၀၀<br>အခြားမြို့များ-၂၅၀၀၀၀ |
| ၁၃ | FL-15 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင် သို့မဟုတ် မန်နေဂျာအား ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | နေပြည်တော်-၁၂၀၀၀၀၀<br>ရန်ကုန်-မန္တလေး ၁၂၀၀၀၀၀<br>အခြားမြို့များ-၆၀၀၀၀၀ |
| ၁၄ | FL-16 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | နေပြည်တော်-၆၀၀၀၀၀<br>ရန်ကုန်-မန္တလေး ၆၀၀၀၀၀<br>အခြားမြို့များ-၃၀၀၀၀၀ |



| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ ဖော်ပြချက် | ကောက်ခံမည့် နှုန်းထား(ကျပ်) |
|---|---|---|---|
| ၁၈ | FL-24 | သန့်စင်ပြီးသော နိုင်ငံခြား အရက်ပြင်း (Ractified Foreign Spirit) ကို ဆေးဆရာများက ရောင်းချခွင့် လိုင်စင် | -၅၀၀၀ |
| ၁၉ | FL-2C | သန့်စင်ပြီး အရက်ပြန်များကို သိုလှောင်သိမ်းဆည်းထားနိုင်ရန် တင်ချာအရက်ပြင်းနှင့် အခြား အရက်ပြန်ပါဝင်သည့် ဆေးဝါး များ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်း သိုလှောင်ရုံ တည်ဆောက်ခွင့် လိုင်စင် | -၅၀၀၀ |
| ၂၀ | FL-2D | အရက်ပါဝင်သည့် ဆေးဝါး ကုမ္ပဏီ မြန်မာ့ဆေးဝါးဆရာများ က ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | -၁၀၀၀ |
| ၂၁ | Y1 | တဆေးများထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | -၁၀၀၀၀၀ |
| ၂၂ | Y2 | တဆေးများရောင်းချခွင့် လိုင်စင် | -၁၀၀၀၀၀ |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ ဖော်ပြချက် | ကောက်ခံမည့် နှုန်းထား(ကျပ်) |
|---|---|---|---|
| ၂၃ | D1A | ပြည်တွင်းဖြစ် နိုင်ငံခြား အရက်ပြင်း(Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်၊ ပုလင်းသွပ်ရန်၊ အရက်ချက် စက်ရုံ ပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်လိုင်စင်ရ ရောင်းချ သူများကိုသာ လက်ကား ရောင်းချခွင့် လိုင်စင် | -၁၂၀၀၀၀၀ |
| ၂၄ | CS2A | အရက်ချက်လိုင်စင်ရရန် ဖိုထွက် ချက်အရက်၊ စက်ရုံထွက်အရက် (အရက်ဖြူ)ကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်း ဥပစာ အတွင်း သောက်သုံးရန်၊ ကောင်တာ ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | နေပြည်တော်-၁၀၀၀၀၀<br>ရန်ကုန်-မန္တလေး-၁၀၀၀၀၀<br>အခြားမြို့များ-၅၀၀၀၀ |
| ၂၅ | CFL2A | ထန်းရည်၊ ဓနိရည်မှအပ အခြား လျှော်စာရည်များကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်း ဥပစာ အတွင်း သောက်သုံးရန်၊ ကောင်တာဖွင့်၍ လက်လီ ရောင်းချခွင့်လိုင်စင် | -၅၀၀၀ |





| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ ဖော်ပြချက် | ကောက်ခံမည့် နှုန်းထား(ကျပ်) |
|---|---|---|---|
| ၁၅ | FL-17 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor) ကို ဟိုတယ်နှင့် နားနေခန်း၊ ဘူတာ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထား စားသောက်တွဲ နှင့် စားသောက်ဆိုင် ဥပစာတွင် သောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် မန်နေဂျာက ကောင်တာဖွင့်၍ လက်လီ ရောင်းချခွင့်လိုင်စင် | နေပြည်တော်- ၁၂၀၀၀၀၀<br>ရန်ကုန်-မန္တလေး-၁၂၀၀၀၀၀<br>အခြားမြို့များ - ၆၀၀၀၀၀ |
| ၁၆ | FL-21 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို သင်္ဘောဝန်ထမ်းများ နှင့် ခရီးသည်များ သင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘော မာလိန်မှူး သို့မဟုတ်ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီ ရောင်းချခွင့်လိုင်စင် | ပြည်တွင်းရေကြောင်း၊<br>ကမ်းရိုးတန်းသွားရေယာဉ်<br>၅၀၀၀၀၀ |
| ၁၇ | FL-23 | မူးယစ်စေတတ်သော ဆေးဝါး မဟုတ်သော အရက်ပြန် ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိ ပါဝင်သည့် ဆေးဖက်ဝင်သော ဝိုင်နှင့်အလားတူဖျော်ရည်များကို ဆေးဆရာသို့မဟုတ်ကျန်းမာရေး ဝန်ထမ်း သို့မဟုတ် ကုန်စုံဆိုင် ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | -၅၀၀၀ |

## အခန်း(၄)
## ယစ်မျိုးလိုင်စင်လျှောက်ထားခြင်း

၅။ ယစ်မျိုးလိုင်စင်လျှောက်ထားသူသည် မြို့နယ်အုပ်ချုပ်ရေးမှူးထံ လျှောက်ထားရမည်။ လျှောက်ထားသူသည် ပုံစံ-၁ ပါ သတ်မှတ်ချက်များ ပြည့်စုံအောင်ဆောင်ရွက်ပြီး လျှောက်ထားရမည်။

၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လျှောက်လွှာပုံစံ-၁ ကို လက်ခံရရှိပါက လျှောက်ထားသည့် တည်နေရာသည် အောက်ပါ အချက်များနှင့် ကိုက်ညီခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးရမည် ဖြစ်သည်-

(က) စာသင်ကျောင်း၊ သာသနိကအဆောက်အဦ၊ ဈေးနှင့် နီးကပ်စွာ တည်ရှိခြင်း ရှိ မရှိ။

( ခ) တစ်ဆိုင်နှင့် တစ်ဆိုင် ကိုက်(၁၀၀)အကွာတွင် ရှိ မရှိ။

( ဂ) သောက်သုံးသူများအတွက် ဝင်ထွက်သွားနိုင်မှု လွယ်ကူခြင်း၊ ဖြတ်သန်းသွားလာသူများအတွက် အနှောင့်အယှက် ဖြစ်စေခြင်း ရှိ မရှိ။

(ဃ) ဘေးပတ်ဝန်းကျင်မှ ကန့်ကွက်ခြင်း ရှိ မရှိ။

၇။ ဟိုတယ်တွင် အရက်၊ ဘီယာနှင့် ဝိုင်၊ ယမကာကို ကောင်တာဖွင့်၍ ရောင်းချလိုသူသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ တိုက်ရိုက်လျှောက်ထားရမည်။ လျှောက်ထားသူသည် ပုံစံ-၂ပါ သတ်မှတ်ချက်များ ပြည့်စုံအောင် ဆောင်ရွက်ပြီး လျှောက်ထားရမည်။





| | |
|---|---|
| CFL-2 | ထန်းရည်၊ ဓနိရည်မှအပ အခြားလျော်စာရည်များ(Country Fermented Liquor) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| CS-1 | မြန်မာပြည်တွင်းရှိ အရက်စက်ရုံများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country spirit)ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| CS-2 | အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက်ချက်အရက် (Country spirit) ကို ဆိုင်ဖွင့်၍ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီ ရောင်းချခွင့် လိုင်စင်၊ |
| CS-3 | မြန်မာပြည်တွင်းရှိ အရက်ဖိုများမှ ထုတ်လုပ်သောဖိုထွက်ချက်အရက် (Country spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင်၊ |
| FL-10 | ဗျစ်ရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ |

ယူဆောင်ရန်　　လက်လီရောင်းချခွင့်
လိုင်စင်၊

၁၀။　လုပ်ငန်းလိုင်စင် ရရှိသူသည် ယစ်မျိုးလုပ်ငန်းအမျိုးအစား အလိုက် လိုင်စင်အခွန်ငွေများကို အောက်ပါအတိုင်းပေးဆောင်ရမည်-

(က)　စည်းကြပ်သည့် အခွန်သည် ကျပ်ငါးသိန်းအထိ ဖြစ်လျှင် လိုင်စင်ခွင့်ပြုသည့်နေ့တွင် အပြေအကျေ ပေးဆောင်ရမည်။

(ခ)　စည်းကြပ်သည့် ယစ်မျိုးခွန်သည် ကျပ်ငါးသိန်း အထက်မှ ကျပ်တစ်ဆယ်သိန်း အထိဖြစ်လျှင် ကျပ်ငွေငါးသိန်းကို လိုင်စင်ခွင့်ပြုသည့်နေ့တွင် ပေးဆောင်ရမည်။ ကျန်ငွေကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လ ကုန်ဆုံးမည့်နေ့ မတိုင်မီ အပြေအကျေ ပေးဆောင်ရမည်။

( * )　pn f;M yfo n fh ,　pf sdK;c Gefo n f u syf
w pfq ,　fo ef; t　x u fzpf v　Qfv kdpi f c Gfjy K
o n faeYw Gf pn f;M yfo n fh ,　pf sdK;c Gef
w pf0u f u kdv n f;au mi f;? u sef　cGefai G kd
o u fq kdf&mb @ma&;EpS f　yx r ajcmu fv
u kefq kH;n fhaeYw kdf D w Gfv n f;au mi f;
t ajyt au say;aq mi f&r n f/



၈။　မြို့နယ်အုပ်ချုပ်ရေးမှူးသည် ယစ်မျိုးလိုင်စင် အမည်၊ တည်နေရာ၊ လိုင်စင်အမျိုးအစား ပြောင်းရာတွင် ခရိုင် အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ၏ သဘောထားမှတ်ချက်တို့နှင့်အတူ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်အရ ဆောင်ရွက် ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပုံစံ-၃၊ ၄၊ ၅နှင့် ၆ တို့ပါ သတ်မှတ်ချက်များအတိုင်း အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရမည်။

## အခန်း(၅)
## လေလံတင်ရောင်းချခြင်း

၉။　ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူး က ကြီးကြပ်ပြီး သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးပါဝင် ဖွဲ့စည်းထားသည့် လေလံတင်ရောင်းချရေးအဖွဲ့သည် အောက်တွင် ဖော်ပြထားသော ယစ်မျိုးလိုင်စင် အမျိုးအစားများကို လေလံတင် ရောင်းချရမည်။ ဝန်ကြီးသည် လေလံကြမ်းခင်းဈေးကို အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်-

| လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် |
|---|---|
| CFL-1 | ထန်းရည်၊ ခနိရည်ဆိုင်ဖွင့်၍ ဆိုင်ဥပစာ အတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာ ပြင်ပသို့ ယူဆောင်ရန် လက်လီ ရောင်းချခွင့် လိုင်စင်၊ |

## အခန်း(၆)

## အထွေထွေ

၁၁။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။ ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ယစ်မျိုးခွန်စည်းကြပ်ကောက်ခံခြင်းကို တာဝန်ယူဆောင်ရွက်ရမည်။

၁၂။ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ယစ်မျိုးခွန်စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ မိမိလက်အောက်ရှိ ခရိုင် သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူးအား တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၃။ ဤဥပဒေအရ ယစ်မျိုးခွန်များစည်းကြပ်ကောက်ခံရာတွင်-

(က) လုပ်ငန်းလိုင်စင်ရရှိသူသည် ဤဥပဒေအရ ပေးဆောင်ရန်ရှိသော ယစ်မျိုးခွန်ကို ပေးသွင်းရန်ပျက်ကွက်လျှင် ကော်လိတ္တော်အရာရှိသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

( ခ) သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများအား ကော်လိတ္တော်အရာရှိများအဖြစ် သတ်မှတ်သည်။

၁၄။ မြန်မာနိုင်ငံယစ်မျိုးဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သ၍ ဆက်လက်ကျင့်သုံးနိုင်သည်။





ပုံစံ- ၁

## ယစ်မျိုးလိုင်စင်လျှောက်ထားခြင်းကိစ္စ

၁။ ယစ်မျိုးလိုင်စင်အသစ် လျှောက်ထားရာတွင် အောက်ဖော်ပြပါအချက်အလက်များဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ လျှောက်ထားရပါမည်-

(u ) rlv &ifav Qmu fv Tm

(1) av Qmu fx m,o t rnf

(2) rSwfyHkwif f rSwf

(3) av Qmu fx m,o nfhv kdpif f r S;t pm;

(4) a&mif;fcsv kd nfhw nf ae&m

( c) rSwfyHkwif fwd kå

( * ) &yfu G f^ au s;&Gm t kyfpk t kyfcsKyfa&;r S;

ax mu fcHcsu f

(C ) &pjcef;ax mu fcHcsu f

( i ) , pf sKd;cGef m, ajyau sp;Gm ay;aq mif fnf

jzpfaMum if;fcDIef csu f

ပုံစံ-၂

**ဟိုတယ်တွင် ယစ်မျိုးလိုင်စင်လျှောက်ထားခြင်းကိစ္စ**

ဟိုတယ်/ကုမ္ပဏီ Letterhead

သို့

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၀)၊

နေပြည်တော်

အကြောင်းအရာ။ **ယစ်မျိုးလိုင်စင်လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မ၏ ဟိုတယ်တွင် အရက်၊ ဘီယာနှင့် ဝိုင်၊ ယမကာကောင်တာဖွင့်၍ ရောင်းချလိုပါသဖြင့် ယစ်မျိုးလိုင်စင်ချထားပေးနိုင်ပါရန် လျှောက်ထားအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | Hotel အမည် | - | Grand |
| (ခ) | ဟိုတယ်ခွင့်ပြုလိုင်စင်အမှတ် | - | ဟ/၀၀၀၀ |
| (ဂ) | Hotel ပိုင်ရှင်အမည် | - | ဦးအေး |
| (ဃ) | Hotel မန်နေဂျာအမည် | - | ဦးမြ |
| (င) | Hotel တည်နေရာ | - | အမှတ်၊လမ်း၊<br>ရပ်ကွက်၊<br>ကျေးရွာအုပ်စု-<br>မြို့နယ်-<br>ခရိုင်- |
| (စ) | ရယူလိုသည့် လိုင်စင်အမျိုးအစား- | | FL-17 |





၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်-

(က) သက်ဆိုင်ရာဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်ပါက ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) စဝ်အောင်မြတ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပုံစံ- ၂အဆက်

၂။ ယစ်မျိုးလိုင်စင်ရရှိပါက လိုင်စင်စည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ယစ်မျိုးခွန်ပြေကျေစွာ ပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

ပူးတွဲလျက်- ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဟိုတယ် ဖွင့်လှစ်ခွင့် လိုင်စင်မိတ္တူ(၁)စောင်
မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၏ ထောက်ခံချက်(၁)စောင်
လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ(၁)ရွက်
လိုင်စင်လျှောက်ထားသူ၏ Passport ဓါတ်ပုံ(၂)ပုံ

လျှောက်ထားသူ
အမည် ........
နိုင်ငံသားစိစစ်ရေး ........
ကတ်ပြားအမှတ်
ဆက်သွယ်ရန်ဖုန်းနံပါတ် ........





၁၂။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ(ယစ်မျိုးနည်းဥပဒေ ၂၂၊ ၂၃ တို့နှင့် ကိုက်ညီမှုရှိကြောင်း) ဖော်ပြရန်၊

၁၃။ မူလလိုင်စင် တည်နေရာတွင် ဖွင့်လှစ်ထားခြင်း မရှိတော့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်၊

၁၄။ ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောထား (လက်ခံမည့် ခရိုင်)

၁၅။ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ သဘောထား၊

၁၆။ Diary တွင် ရက်စွဲအစဉ်လိုက်ရေးသား၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး အဆင့်ဆင့် တင်ပြမှုပါဝင်ရန်၊

၁၇။ Diary တွင် သက်ဆိုင်ရာ ရုံးအကြီးအကဲ သို့မဟုတ် တာဝန်ပေးအပ်ထားသူ တာဝန်ခံအရာရှိ ကိုယ်တိုင် လက်မှတ်ရေးထိုးရန်။

ပုံစံ-၄

## ယစ်မျိုးလိုင်စင်စီအမည်ပြောင်းအမှုတွဲဖွင့်လှစ်ရာတွင် ပါဝင်ရမည့် အချက်များ

၁။ အမှုတွဲနေ့စဉ်မှတ်တမ်း၊

၂။ ကာယကံရှင်၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲပါရှိသော လျှောက်လွှာ၊

၃။ မူလလိုင်စင်စီ၏ သဘောတူလွှဲပြောင်းလက်မှတ်ရေးထိုးတင်ပြလွှာ၊

၄။ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

၅။ သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်၊

၆။ ဆိုင်တည်နေရာပြမြေပုံ (မြို့နယ်အုပ်ချုပ်ရေးမှူး/ ဒုမြို့နယ် အုပ်ချုပ်ရေးမှူး)မှ လက်မှတ်ရေးထိုးရန်၊

၇။ မြို့နယ်ယစ်မျိုး အကြံပေးအဖွဲ့၏ အစည်းအဝေးမှတ်တမ်း၊

၈။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ(ယစ်မျိုးနည်းဥပဒေ ၂၂၊ ၂၃ တို့နှင့် ကိုက်ညီမှုရှိကြောင်း) ဖော်ပြရန်၊

၉။ ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောထား၊

၁၀။ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ သဘောထား၊

၁၁။ Diary တွင် ရက်စွဲအစဉ်လိုက်ရေးသား၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး အဆင့်ဆင့် တင်ပြမှုပါဝင်ရန်၊

၁၂။ Diary တွင် သက်ဆိုင်ရာရုံးအကြီးအကဲ သို့မဟုတ် တာဝန်ပေးအပ်ထားသူ တာဝန်ခံအရာရှိ ကိုယ်တိုင် လက်မှတ်ရေးထိုးရန်။



ပုံစံ-၃

## ယစ်မျိုးလိုင်စင်အမည်/တည်နေရာ/လိုင်စင်အမျိုးအစားပြောင်း အမှုတွဲဖွင့်လှစ်ရာတွင် ပါဝင်ရမည့် အချက်များ

၁။ အမှုတွဲ နေ့စဉ်မှတ်တမ်း၊

၂။ ကာယကံရှင်နှစ်ဦး၏ လျှောက်လွှာ၊

၃။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

၄။ မူလလိုင်စင်စီ၏ ယစ်မျိုးဆိုင် အမှန်တကယ်ပိတ်သိမ်းထားသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

၅။ ပြောင်းရွှေ့မည့် တည်နေရာရှိ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊

၆။ သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊

၇။ ပတ်ဝန်းကျင်နေထိုင်သူများ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ထပ်ဆင့်လက်မှတ်ရေးထိုးရန်၊

၈။ ဆိုင်တည်နေရာပြမြေပုံ (မြို့နယ်အုပ်ချုပ်ရေးမှူး/ ဒုမြို့နယ် အုပ်ချုပ်ရေးမှူး)မှ လက်မှတ်ရေးထိုးရန်၊

၉။ ယစ်မျိုးနည်းဥပဒေ ၁၆အရ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်း အမိန့်ကြော်ငြာစာ မိတ္တူ

၁၀။ ကန့်ကွက်လွှာတင်ပြသူ မရှိကြောင်းဖော်ပြချက်(Diary)

၁၁။ မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့၏ အစည်းအဝေးမှတ်တမ်း (လက်ခံမည့် မြို့နယ်)

ပုံစံ-၅

## ယစ်မျိုးလိုင်စင်တည်နေရာပြောင်း အမှုတွဲဖွင့်လှစ်ရာတွင် ပါဝင်ရမည့် အချက်များ

၁။ အမှုတွဲနေ့စဉ်မှတ်တမ်း၊

၂။ ကာယကံရှင် လျှောက်လွှာ၊

၃။ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ (လက်ခံမည့်ရပ်ကွက်/ကျေးရွာအုပ်စု)

၄။ သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊

၅။ ပတ်ဝန်းကျင်နေထိုင်သူများ၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်၊

၆။ ဆိုင်တည်နေရာပြမြေပုံ (မြို့နယ်အုပ်ချုပ်ရေးမှူး/ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး)မှ လက်မှတ်ရေးထိုးရန်၊

၇။ ယစ်မျိုးနည်းဥပဒေ ၁၆ အရ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်း အမိန့်ကြော်ငြာစာ မိတ္တူ၊

၈။ ကန့်ကွက်လွှာတင်သွင်းခြင်းမရှိကြောင်း ဖော်ပြချက် (Diary)၊

၉။ မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့၏ အစည်းအဝေးမှတ်တမ်း (လက်ခံမည့် မြို့နယ်)၊

၁၀။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ (ယစ်မျိုးနည်းဥပဒေ ၂၂၊ ၂၃ တို့နှင့် ကိုက်ညီမှု ရှိကြောင်း)ဖော်ပြရန်၊

၁၁။ ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောထား (လက်ခံမည့် ခရိုင်)

၁၂။ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ သဘောထား၊



ပုံစံ-၆

## ယစ်မျိုးလိုင်စင်အမျိုးအစားပြောင်းအမှုတွဲဖွင့်လှစ်ရာတွင် ပါဝင်ရမည့် အချက်များ

၁။ အမှုတွဲနေ့စဉ်မှတ်တမ်း၊

၂။ ကာယကံရှင်လျှောက်လွှာ၊

၃။ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊

၄။ သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊

၅။ ဆိုင်တည်နေရာပြမြေပုံ (မြို့နယ်အုပ်ချုပ်ရေးမှူး/ဒုမြို့နယ်အုပ်ချုပ်ရေးမှူး)မှ လက်မှတ်ရေးထိုးရန်၊

၆။ မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့၏အစည်းအဝေး မှတ်တမ်း၊

၇။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ (ယစ်မျိုးနည်းဥပဒေ ၂၂၊ ၂၃တို့နှင့် ကိုက်ညီမှုရှိကြောင်း) ဖော်ပြရန်၊

၈။ ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောထား၊

၉။ လိုင်စင်နှုန်းထား နိမ့်ရာမှ မြင့်ရာသို့ ပြောင်းခြင်းဖြစ်ကြောင်း ယစ်မျိုးခွန်ဥပဒေ အထောက်အထားဖြင့် တင်ပြရန်၊

၁၀။ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ သဘောထား၊

၁၁။ Diary တွင် ရက်စွဲအစဉ်လိုက်ရေးသား၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်ဆင့် တင်ပြမှုပါဝင်ရန်၊

၁၂။ Diary တွင် သက်ဆိုင်ရာ ရုံးအကြီးအကဲ သို့မဟုတ် တာဝန်ပေးအပ်ထားသူ တာဝန်ခံအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးရန်။

ပုံစံ-၅အဆက်

၁၃။ Diary တွင် ရက်စွဲအစဉ်လိုက် ရေးသား၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်ဆင့် တင်ပြမှုပါဝင်ရန်၊

၁၄။ Diary တွင် သက်ဆိုင်ရာ ရုံးအကြီးအကဲ သို့မဟုတ် တာဝန်ပေးအပ်ထားသူ တာဝန်ခံအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးရန်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | ၁ |
| ၂ | အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်း နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၆ |
| ၃ | အခန်း(၂) ရည်ရွယ်ချက်များ | ၆ | ၆ |
| ၄ | အခန်း(၃) ယစ်မျိုးခွန်နှုန်းထားများသတ်မှတ်ခြင်း | ၇ | ၁၂ |
| ၅ | အခန်း(၄) ယစ်မျိုးလိုင်စင်လျှောက်ထားခြင်း | ၁၃ | ၁၄ |
| ၆ | အခန်း(၅) လေလံတင်ရောင်းချခြင်း | ၁၄ | ၁၆ |
| ၇ | အခန်း(၆) အထွေထွေ | ၁၇ | ၁၈ |
| ၈ | ပုံစံ - ၁ | ၁၉ | ၁၉ |
| ၉ | ပုံစံ - ၂ | ၂၀ | ၂၀ |
| ၁၀ | ပုံစံ - ၃ | ၂၂ | ၂၃ |
| ၁၁ | ပုံစံ - ၄ | ၂၄ | ၂၄ |
| ၁၂ | ပုံစံ - ၅ | ၂၅ | ၂၆ |
| ၁၃ | ပုံစံ - ၆ | ၂၇ | ၂၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရှမ်းပြည်နယ်လွှတ်တော်
တောင်ကြီးမြို့

# ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။
၂၀၂ ပြည့်နှစ်